
ဘာသာပြန်စာရေးဆရာ - ညီနောင်
ရူးသွပ်ဖွယ်
အဆင့်အမြန်တက်စနစ်
(ရိထိန်အန်)
(Chapter 16 - 30)
(စာစဉ် - ၂)

## အခန်း ၁၆
## ဝိညာဉ်လက်နက်ငါလုပ်နိုင်တယ်

"ရှားလိန်ကို တစ်ခါထဲခေါ်လိုက်" ဒုတိယအကြီးအကဲမှာ အလောတကြီးဖြင့် အနီးအနားရှိ ကျောင်းသူများအား ရှားလိန်အား ရှာရန် လွှတ်လိုက်လေသည်။

ခနအကြာမှာပင် ရှားလိန်မှာ အကြီးအကဲများရှေ့ ရောက်ရှိလာကာ သူမအား ဒီနေရာသို့ အဘယ်ကြောင့် ခေါ်မှန်း မသိသောကြောင့် ဝေခွဲမရ ဖြစ်နေလေသည်။

"သခင်မ..." ရှားလိန် အနားလာကာ မေးလိုက်လေသည်။

"အခုဆရာကောင်က မင်းကို သူ့ရဲ့ လက်တွဲဖော်အဖြစ်ခေါ်ချင်လို့...မင်းသဘောတူလား" ဒုတိယအကြီးအကဲမှာ အပြုံးဖြင့် မေးလိုက်သည်။ရှားလိန်မှာ ပါရမီမရှိသည့်အထဲတွင် ပါသောကြောင့် သူမအား လက်ထပ်စေခြင်းဖြင့် ဝိညာဏ်လက်နက် ၃ခုနှင့် လဲလိုက်သည်မှာ သူမတို့အတွက် အရှုံးမရှိပေ။

"မလုပ်နိုင်ဘူး...ကျွန်မတောင်းပန်ပါတယ်...ဒါပေမဲ့ ကျွန်မ သူ့ရဲ့ ဆန္ဒကို ဖြည့်မပေးနိုင်ဘူး" ရှားလိန် ဆရာကောင်အား ကြည့်ကာ ချက်ချင်း ခေါင်းရမ်းကာ ငြင်းလိုက်သည်။

ထိုသို့အငြင်းခံပြီးနောက် ဆရာကောင်၏ မျက်နာမှာ မျက်မှောင်ကြုတ်သွားလေသည်။သူသည် ဆရာဖြစ်ကာ အလားအလာ ရှိသော ပန်းပဲဆရာ

ဖြစ်သည်။ အနာဂတ်တွင် အောင်မြင်မှုမှာ တိုင်းတာ၍ မရပေ။ထို့ကြောင့် သူမသည် သူ၏စေ့စပ်မှုကို စဉ်းပင် မစဉ်းစားကာ တောက်လျှောက် ငြင်းလိုက်မည်ဟု မထင်ချေ။

"ငါက အဆင့်၃ ပန်းပဲဆရာနော်...ငါ့ကို လက်ထပ်ပြီးရင် မင်းဘဝ ကောင်းစားလိမ့်မယ်...နောင်တစ်ချိန်ကျ ငါက အဆင့်၄ ဒါမှမဟုတ် အဆင့်၅ ပန်းပဲဆရာ ဖြစ်လာမှာ ဒါတောင် မင်းက ငါ့ကို ငြင်းအုံးမှာလား"ဟု ဆရာကောင်း၏မျက်လုံးတွင် မကျေနပ်မှုများဖြင့် ပြောလိုက်သည်။

"ဆရာကောင်းရဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ်...ဒါပေမဲ့ ကျွန်မ အခုချိန်မှာ ဘယ်သူ့ လက်တွဲဖော်မှ မဖြစ်ချင်သေးလို့ပါ...ဒီကျောက်စိမ်းနန်းတော်ထဲမှာရှိတဲ့ အခြားအစ်မတွေကို ရွေးလိုက်ပါ" ရှားလိန် ဆရာကောင်း၏ ခံစားချက်အား ထည့်မတွက်ပဲ ငြင်းလိုက်သည်။

"ကောင်းပြီ...မင်းက အစေခံအဆင့်သာသာပဲ ရှိတာကို ငါ့ကို ငြင်းရဲသေးတယ်" ဆရာကောင်း အစော်ကားခံရသောကြောင့် ရှားလိန်၏အား ကြည့်၍ "မင်း ငါရဲ့ လက်တွဲဖော် မလုပ်ရင် ဒီဝိဉာဏ်လက်နက်အကြောင်းကို မေ့လိုက်ပြီး နောက်လက်နက်လုပ်ပေးမဲ့ ဆရာတစ်ယောက်ကို ရှာလိုက်တော့"ဟု အေးစက်စွာ ပြောလိုက်သည်။

"ရှားလိန် မင်းဘာတွေ တွေးနေတာလဲ" ဒုတိယအကြီးအကဲမှာ အလောတကြီး ပြောလိုက်ကာ

"ဒါက ဆရာကောင်း နော်...မင်း သူ့ကို လက်ထပ်ရင် သာမန်ဘဝကနေ ဂုဏ်ရှိရှိနေနိုင်မယ် မင်း သူ့ကို မလေးမစား မလုပ်နဲ့...ပြီးတော့ မင်းမိသားစုက ချမ်းသာတာလဲ မဟုတ်ဘူး...မင်း သူကို့ လက်ထပ်ရင် မင်းလိုချင်တာ ဘာမဆို လုပ်လို့ရပြီ" ဒုတိယအကြီးအကဲမှာ ထို အခွင့်အရေးအား လက်မလွှတ်လိုသောကြောင့် ပြောလိုက်သည်။ထိုကဲ့သို့ ဝိဉာဏ်အဆင့်လက်နက်

အား အလကားပေးမည်ကို မည်သို့ လက်လွှတ်ခံနိုင်မည်နည်း။

ဆရာကောင်မှာ မျက်နှာအား မော့ထားကာ ရှားလိန်အား အေးစက်စွာ ကြည့်လိုက်သည်။သူ၏မျက်နှာထက်ဝယ် အရင်ကကဲ့သို့ အပြုံးများမရှိတော့ကာ အေးစက်သော အမူအရာသာ တွေ့ရတော့သည်။

"တစ်ခါထဲ ထွက်သွားစမ်း" ရှီစူးရန် သူ့အား အေးစက်ကြည့်၍ "ငါ မင်းကို လေးလေးစားစားနဲ့ ဆရာလို့ခေါ်တယ်...ငါ မင်းဒီလောက်မောက်မာလိမ့်လို့ မထင်ခဲ့ဘူး...ဒီလောက်နဲ့ တော်လောက်ပြီ...ငါ တခြားသူကိုပဲ ဝိဉာဏ်လက်နက်တွေ လုပ်ခိုင်းတော့မယ် မင်းရဲ့အကူအညီ မလိုတော့ဘူး" ဟု ပြောလိုက်တော့သည်။

နန်းတော်သခင်ဆိုသော ဂုဏ်မှာ ကြောက်ဖွယ်ကောင်းသော အရှိန်အဝါရှိကာ တစ်ခန်းလုံးအား လွှမ်းခြုံထားလေရာ သူမအား မည်သူ ဆန့်ကျင်ရဲမည်နည်း။အကယ်၍ ရှားလိန်မှ လက်ခံလျှင် သူမမှာ ဘာမှ ပြောစရာ မရှိသော်လည်း သို့သော် ယခုတွင် သူမမှာ တွန်းအားပေးခံနေရကာ မည်သို့ ပျော်ရွှင်တော့မည်နည်း။

"သာမန် ဟုတ်လား...အမရှားလိန်က အမြဲတမ်း ဂုဏ်ရှိပြီးသား ...မင်း ဘာပြောချင်သေးလဲ" ရီထိန်အန် ထိုအခါတွင် ဝင်မပါပဲ မနေနိုင်တော့ချေ။ သူ ဆရာကောင်အား ကြည့်၍ ရယ်လိုက်ကာ " ဆရာကောင်...ကြည့်ရတာ ခင်ဗျားကို ဒီမှာ မလိုတော့ဘူး...ဝိဉာဏ်လက်နက်လေးများ ငါတောင် လုပ်နိုင်တယ် " ဟု ပြောလိုက်သည်။သူ မတ်တပ်ရပ်လိုက်ကာ ဆရာကောင်အား လှောင်သောအပြုံးဖြင့် ကြည့်လိုက်သည်။

သူ စကားပြောပြီးသည်နှင့် အကုန်လုံးမှာ အံ့သြသွားကာ သူ့အား စိုက်ကြည့်နေကြသည်။ရှီစူးရန်သည်လည်း ရီထိန်အန်အား မယုံနိုင်သော မျက်လုံးများဖြင့် ကြည့်ကြလေသည်။ပန်းပဲဆရာအလုပ်မှာ ဖြစ်ချင်

သည်နှင့် ညတွင်းချင်း ဖြစ်သွားသည့်အလုပ် မဟုတ်ပေ။ဝိဉာဏ်လက်နက်အား မဆိုထားနှင့် ရိုးရိုးလက်နက်အား သွန်းလုပ်ရန် အချိန်အများကြီး ပေးရကာ လုပ်ရလေသည်။ထို့အပြင် ရီထိန်အန်မှာ အနားမှ ထွက်လာကာ သူသည်လည်း ဝိဉာဏ်လက်နက်အား လုပ်နိုင်သည် ဆိုသည်မှာ မေးစရာပင်ဖြစ်တော့သည်။

သူမသည် ရီထိန်အန်မှဦး ဆရာကောင်အား ပြောချင်သောကြောင့်သာ ထိုကဲ့သို့ ပြောသည်ဟု ထင်လိုက်တော့သည်။

"မင်းက ဝိဉာဏ်လက်နက်ကို လုပ်ချင်တယ်ဟုတ်လား" ဆရာကောင် လှောင်လိုက်ကာ "ငါ ကြားတာတော့ မင်းက သွေးချီ မရှိတဲ့ အမှိုက်လို့ပဲ ထင်နေတာ...မင်းက ဝိဉာဏ်ဂိုဏ်းကို နိုင်သွားလို့ မင်းကို အရူးလို့ မထင်မိဘူး" ဟုပြောလိုက်သည်။

ထိုစကားအား ရှီစူးရန် ကြားလိုက်သည်နှင့် သူမ၏မျက်လုံးများ အေးစက်သွားကာ လူသတ်ချင်သော အငွေ့များ ဖုံးလာလေသည်။အမှန်ပင် သူ၏စကားမှာ သူမဒေါသအား နှိုးဆွနေလေသည်။ရီထိန်အန် သူမ၏လက်လေးအား ကိုင်လိုက်ကာ ထပ်ရပ်လိုက်၍ "ငါ တစ်ခုလုပ်နိုင်မည် ဆိုရင်ရော"ဟု ပြန်ပြောလိုက်တော့သည်။

"မင်းသာ ဝိဉာဏ်လက်နက်တွေ လုပ်နိုင်ရင် ငါ မင်းကို ဒီဝိဉာဏ်လက်နက်ပေးလိုက်မယ်...ပြီးတော့ ငါ ခေါင်းနဲ့ ထွက်သွားပေးမယ်" ဆရာကောင် ဓားရှည်အား ဆွဲထုတ်လိုက်ကာ ထိုဓားမှာ ဝိဉာဏ်လက်နက်ပင် ဖြစလေသည်။သို့သော် ထိုလက်နက်မှဦး အဆင့်နိမ့်ဝိဉာဏ်လက်နက် ဖြစ်လေသည်။သို့သော်လည်း ဈေးမှာ ရွှေ၅၀၀၀၀ပင် ဖြစ်လေသည်။သူ၏အဆင့်ဖြင့် ထိုကဲ့သို့အဆင့်နိမ့်လက်နက်များသာ လုပ်နိုင်လေသည်။

သူ၏မျက်လုံးများမှာ မကျေနပ်မှုများဖြင့် ပြည့်နှက်ကာ သူအား ရန်စနေ

သကဲ့သို့ ခံစားနေရလေသည်။အစေခံမှ အငြင်းခံပြီးနောက် ဆက်၍ အရှက်ခွဲခံရမည်ဟု မထင်ထားပေ။

"မင်း မလုပ်နိုင်ရင်ရော ဘာပြန်ပေးမလဲ...သူမကို ငါကို လက်ထပ်ခိုင်းလိုက်...ဘယ်လိုလဲ" ဆရာကောင်မှ ပြန်ပြောလိုက်ကာ ရှားလိန်မှာ သူ့အား လက်ထပ်လျှင်လည်း သူသည် သူမအား ဇနီးအဖြစ် မဆက်ဆံကာ အစေခံ သို့ ထိုထက်ပင် ဆိုးရွားစွာ ဆက်ဆံပေမည်။

သူသည် လူအများ၏လေးစားမှု ခံကာ အမြင့်တွင် နေလေ့ရှိရာ ထိုကဲ့သို့ စော်ကားခံရခြင်းကြောင့် သူမအား ဇနီးအဖြစ် ဆက်ဆံမည်မဟုတ်ချေ။

"အမရှားလိန်က အရုပ်လဲ မဟုတ်သလို လောင်းကြေးလဲ မဟုတ်ဘူး" ရီထိန်အန် အေးစက်စွာ ပြောကာ "ငါက ဝိဉာဏ်လက်နက် မလုပ်နိုင်ရင် ငါ့လက်ကို ငါဖြတ်မယ် ...ဘယ်လိုလဲ" ဟုမေးလိုက်သည်။

"မင်းလက်တစ်ဖက်ဖြတ်မယ် "ဆရာကောင် လှောင်လိုက်ကာ အပြုံးဖြင့် " ကောင်းပြီ...မင်း အဲ့လောက်ထိ လုပ်ချင်ရင်လဲ ရတယ်...လောင်းမယ်...အခုစတော့..မင်း မရရင် လက်ကို ဖြတ်လိုက်...အာ့မှ မင်းမလုပ်နိုင်ရင် ကျောက်စိမ်းနန်းတော်ရဲ့ အာဏာကို ငါ့ကိုပေး...အာ့လိုမှ မဟုတ်ရင် ငါ့ကို အပြစ်မတင်နဲ့" ဟုပြောလိုက်သည်။

ဆရာကောင်၏ကျင့်ကြံမှုမှာ မမြင့်သော်လည်း သူ့တွင် နောက်ခံအများအပြားရှိလေသည်။ အနည်းဆုံး မိသားစုကြီးများ သိကာ ကျောက်စိမ်းနန်းတော်အား ဖိအားပေးရန်မှာ မခက်ခဲပေ။

"ပြဿနာ မရှိဘူး" ရီထိန်အန် ရှီစူးရန် ဘက်သို့ လှည့်၍ ပြောလိုက်ကာ " နန်းတော်သခင်မ ကျွန်တော့်ကို ဝိဉာဏ်လက်နက်အတွက် လိုအပ်တဲ့ ပစ္စည်းတွေ ပေးပါ...ကျွန်တော် အခု စလုပ်တော့မယ်" ဟု ပြောလိုက်သည်။

(ဒေါင်!! ဝိဉာဏ်လက်နက်အား ပြုလုပ်ရန် ။ဆုများ အတွေ့အကြုံ ၅၀၀၀နှင့် 'မသေမျိုး မီးတောက်')

(လုပ်ဆောင်ရန် ဝိဉာဏ်လက်နက်အား သွန်းလုပ်ရန်)

(ဆု အတွေ့အကြုံ၅၀၀၀နှင့် မသေမျိုးမီးတောက်)

(မသေမျိုး မီးတောက် ငြိမ်း၍မရပေ။ လက်နက်များ ဆေးဝါးများ ဖော်စပ်ရာတွင်နှင့် တိုက်ခိုက်ရာတွင် သုံးနိုင်သည်)

သူသည် အလုပ်သစ်တစ်ခုအား လက်ခံရလိုက်ကာ ဆုမှာ မသေမျိုး မီးတောက် ဖြစ်လေသည်။ထိုအရာမှာ အဆင့်နိမ့်ပစ္စည်း ဖြစ်သော်လည်း အဆင့်မြှင့်၍ရသောကြောင့် အကောင်းဆုံး အရာတစ်ခုဟုပင် ဆိုနိုင်လေသည်။

သူတို့အားလုံးမှာ ရီထိန်အန်အား အရူးကဲ့သို့ ဝိုင်းကြည့်နေကြလေသည်။ အထူးသဖြင့် အကြီးအကဲများ ဖြစ်ကာ လောင်းကြေးမှာလည်း မြင့်သောကြောင့် သူ့အား ရူးနေသည်ဟု ထင်နေကြလေသည်။ထိုကဲ့သို့ အသက်ငယ်ငယ်ဖြင့် ဝိဉာဏ်လက်နက်အား ပြုလုပ်နိုင်လျှင် ပါရမီရှင်သာ ဖြစ်တော့သည်။သို့သော် ထိုအရာမှာ မဖြစ်နိုင်ပေ၊ ဆရာကောင်မှာ အသက်၃၀ ရှိကာ ထိုအဆင့်သာ ရရှိလေရာ ရီထိန်အန်မှ လက်နက်အားလုပ်နိုင်လျှင် မယုံကြည်စရာပင် ဖြစ်သည်။

"မင်း ရူးနေလား..ဒီလိုမျိုးစကားတောင် ပြောရဲသေးတယ်...ဆရာကောင်ကို မြန်မြန် တောင်းပန်လိုက်" ဟု ဒုတိယအကြီးအကဲမှ ဝင်ပြောလိုက်သည်။

"တောင်းပန်ရမည်...ငါက ဘာလို့ တောင်းပန်ရမှာလဲ...ဝိဉာဏ်လက်နက်လေးပဲကို ငါတောင် လုပ်နိုင်တယ်" ရီထိန်အန် ပြန်ပြောလိုက်ကာ "အမရှား

လိန် အကုန်လုံး သူကြိုက်တဲ့သူကို လက်ထပ်နိုင်တယ်…အမက ပစ္စည်း မဟုတ်ဘူး"ဟု ပြောလိုက်သည်။

"သခင်လေး.." ရှားလိန်၏ မျက်လုံးများနီရဲသွားသည်။အခုအဖြစ်အပျက်များမှာ သူမကြောင့် ဖြစ်သောကြောင့် သူမမှာ အပြစ်ရှိသကဲ့သို့ ခံစားနေရလေသည်။ သူမ အပြစ်ကြောင့် လက်ထပ်မှုအား လက်ခံရန် လုပ်တော့မည့်ဆဲဆဲတွင် ရီထိန်အန်နှင့် ရှီစူးရန်မှာ သူမဘက်မှ ရပ်တည်လာလိမ့်မည်ဟု မထင်ခဲ့ပေ။

"ပြောတာကောင်းတယ်…အခု ငါ မင်းကို ပန်းပဲခန်းထဲခေါ်သွားမယ်…မင်းက ဝိညာဏ်လက်နက်ကို သွန်းလုပ်ပြီး မင်း ဘာလုပ်နိုင်တယ်ဆိုတာ ပြလိုက်"ရှီစူးရန်မှာ လောင်းကြေးကိစ္စအား လက်ခံကာ သူ့အား မတားပေ။

"အန်တီ ကျွန်တော့်ကို ယုံလား"ဟု ရီထိန်အန် ပြောလိုက်ကာ သူမအား ယုံကြည်မှု အပြည့်ဖြင့် ကြည့်လိုက်သည်။

"ငါ့ရဲ့ မိသားစုကို မယုံရင် ဘယ်သူ့ကို ယုံရမလဲ" ရှီစူးရန် ပြုံးကာ ပြောလိုက်သည်။ထိုအပြုံးမှာ အလွန်ပင် လှပနေတော့သည်။

***